# အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **အမျိုးသား အစားအသောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) "အစားအသောက်ဆိုသည်မှာ ဆေးဝါး၊ ဆေးရွက်ကြီးနှင့် အလှကုန်ပစ္စည်း များမှအပ လူတို့စားသောက်နိုင်သော စားသောက် ဖွယ်ရာနှင့် ယင်းတို့တွင်ပါရှိ သောပစ္စည်း သို့မဟုတ် အစားအသောက် ထပ်ဖြည့်ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာရေး ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန် ၍ အစားအသောက်ဟု သတ်မှတ်သော ပစ္စည်းလည်း ပါဝင်သည်။"

၃။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၆ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၈၊ ၂၂၊၂၄၊ ၂၅ နှင့် ၃၁ တို့တွင် ပါရှိသော "သိုလှောင်ခြင်း" ဆိုသည့်စကားရပ်၏ နောက်တွင် "သယ်ယူပို့ဆောင်ခြင်း" ဆိုသည့် စကားရပ်ကို အသီးသီးဖြည့်စွက်ရမည်။

၄။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ အစားအသောက်ဆိုင်ရာကိစ္စ ရပ်များကို ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အစား အသောက်နှင့် ဆေးဝါး အာဏာပိုင်အဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။"

၅။ အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(က) ၌ ပါရှိသော "သိုလှောင်ခြင်း" ဆိုသည့် စကားရပ်၏နောက်တွင် "သယ်ယူ ပို့ဆောင်ခြင်း၊ ဖြန့်ဖြူး ခြင်း" ဆိုသည့် စကားရပ် ကိုလည်းကောင်း၊ ပုဒ်မခွဲ(ခ) ၌ ပါရှိသော "သိုလှောင်သော" ဆိုသည့် စကားရပ်၏နောက်တွင် "သယ်ယူပို့ဆောင်သော၊ ဖြန့်ဖြူးသော" ဆိုသည့် စကားရပ်ကိုလည်းကောင်း ဖြည့်စွက်ရမည်။

၆။ အမျိုးသား အစားအသောက် ဥပဒေပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၇ တို့၌ ပါရှိသော "သက်ဆိုင်ရာဝန်ကြီး သို့မဟုတ် ရန်ကုန်မြို့တော်စည်ပင် သာယာရေး ကော်မတီ ဥက္ကဋ္ဌ" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ၊ မန္တလေးမြို့တော် စည်ပင် သာယာရေး ကော်မတီဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

တိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၇။ အမျိုးသားအစားအသောက် ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ခ) "နေပြည်တော် စည်ပင်သာယာရေး နယ်နိမိတ်၊ ရန်ကုန်မြို့တော် စည်ပင် သာယာရေး နယ်နိမိတ် သို့မဟုတ် မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်တွင် သက်ဆိုင်ရာ စည်ပင်သာယာရေး ကော်မတီနှင့် ညှိနှိုင်း၍ လည်းကောင်း၊ အခြားဒေသ များတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့နှင့် ညှိနှိုင်း၍ လည်းကောင်း သင့်လျော်သော ဝန်ထမ်းများကို အစား အသောက် စစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်နိုင်သည်။"

၈။ အမျိုးသားအစားအသောက်ဥပဒေတွင်-

(က) ပုဒ်မ ၂၆ ၌ ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၂၇ ၌ ပါရှိသော"ငွေဒဏ်ကျပ် ၅၀၀" ဆိုသည့် စကားရပ်ကို "ငွေဒဏ် ကျပ်ငါးထောင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

(ဂ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ(က)၌ ပါရှိသော "ငွေဒဏ်ကျပ် ၃၀၀၀၀ အထိ" ဆိုသည့်စကားရပ်ကို "ကျပ်သုံးသိန်း ထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၂၉ ၌ပါရှိသော"ငွေဒဏ် အနည်းဆုံးကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ် ငါးသိန်းအထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မ ၃၀ နှင့် ၃၁တို့၌ ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အမျိုးသား အစားအသောက် ဥပဒေ ပုဒ်မ ၃၂ တွင်-

(က) ပုဒ်မခွဲ(က)နှင့်(ခ)တို့၌ ပါရှိသော "ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်များ" ဆိုသည့် စကားရပ်ကို "နေပြည်တော် စည်ပင်သာယာရေး နယ်နိမိတ်၊ ရန်ကုန်မြို့ တော်စည်ပင်သာယာရေး နယ်နိမိတ်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ) ၌ ပါရှိသော "သက်ဆိုင်ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ သို့မဟုတ် မန္တလေးမြို့တော် စည်ပင် သာယာရေး ကော်မတီ" ဆိုသည့် စကားရပ်ကို "သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ" ဆိုသည့် စကားရပ် ဖြင့် အစားထိုး ရမည်။

၁၀။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းက ဖြစ်စေ၊ အာဏာပိုင် အဖွဲ့က ဖြစ်စေ လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံေ**

**ာ်**